**လက်အောက်ခံကုမ္ပဏီမှ အဆိုပြုထားသည့် ဝယ်ယူမှုကိစ္စနှင့်စပ်လျဉ်း၍ နောက်ဆက်တွဲ အသိပေးထုတ်ပြန်ကြေငြာခြင်း**

---

*ကုမ္ပဏီမှ ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ၊ ၁၂ရက် တွင် ထုတ်ပြန်ခဲ့သောကြေငြာချက် ("ယခင်ကြေငြာချက်") ကို ရည်ညွှန်းဖော်ပြထားပါသည်။ ယခင်ကြေငြာချက်တွင် ဖော်ပြထားသည့်အတိုင်း ဖွင့်ဆိုထားသောအသုံးနှုန်းများ ("capitalised terms")သည် (အခြားသောအဓိပ္ပာယ်ဖြင့် သတ်မှတ်ဖော်ပြထားခြင်းမရှိလျှင်) ယခုကြေငြာချက်တွင် အဆိုပါအသုံးနှုန်းများသည် တူညီသော အဓိပ္ပာယ် သက်ရောက်ပါသည်။*

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ" နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီခွဲများ စုပေါင်း၍ "ကုမ္ပဏီအုပ်စု") ဒါရိုက်တာအဖွဲ့သည် ယခင်အဆိုပြုချက်အရ MGL သည် Singapore Exchange Securities Trading Limited ၏ Catalist စာရင်းမှ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ၊ ၁၈ရက်နေ့တွင် ထွက်ခွာခဲ့ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။ Exit Offer လုပ်ဆောင်ချက်များအရ ကုမ္ပဏီသည် ယခင် MGL၏ အစုရှယ်ယာ ၄၁,၉၄၇,၄၂၇စု ကို MM2022၏ ရှယ်ယာ ၄၁,၉၄၇,၄၂၇စု ဖြင့် လဲလှယ်လက်ခံရရှိရန် ရွေးချယ်ခဲ့ပါသည်။ ထို့အပြင် ကုမ္ပဏီသည် MGL၏ ငွေသားဖြင့် ပေးချေခြင်းကို ရွေးချယ်သည့် အခြားသော အစုရှယ်ယာရှင်များထံမှ အစုရှယ်ယာပေါင်း ၄၁,၇၀၄,၃၁၆စု ကို ရယူရန်အတွက် MM2022 တွင် အစုရှယ်ယာပေါင်း ၄၁,၇၀၄,၃၁၆စုဖြင့် FMI Capitalisation လုပ်ဆောင်ခြင်းကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၂၀ ရက်နေ့တွင် ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုပါသည်။ အထက်ပါလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးချိန်တွင် ယခုထုတ်ဝေသည့် MM2022၏ ရှယ်ယာစုစုပေါင်း၏ ၁၆.၆၆% ခန့်ဖြစ်သော အစုရှယ်ယာ ၈၃,၆၅၁,၇၄၃စု ကို ကုမ္ပဏီမှ ပိုင်ဆိုင်ထားပြီးဖြစ်ပါမည်။ သို့ဖြစ်ပါ၍ MM2022 သည် ယခုအခါတွင် ကုမ္ပဏီ၏ တွဲဖက်ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့၏ အမိန့်အရ**

ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ
၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ( ၂၁ ) ရက်


First Myanmar Investment Public Company Limited
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm